**နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန**

**၂၀၂၆ –၂၀၂၇ ဘဏ္ဍာရေးနှစ်**

**တန်ပိုကြေးကောက်ခံခွင့်လိုင်စင်အတွက် လိုင်စင်စည်းကမ်းသတ်မှတ်ချက်များ**

၁။ တန်ပိုကြေးကောက်ခံခွင့် လုပ်ငန်းလိုင်စင်ရရှိသူသည် ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနား–တောင်ညိုလမ်း နှင့် နေပြည်တော်မြို့ပတ်လမ်းဆုံ ရွှေနံ့သာရပ်ကွက်ရှိ သတ်မှတ်ထားသောဂိတ်နေရာ၌သာ ကောက်ခံရမည်။

၂။ တန်ပိုကြေးကောက်ခံခွင့်လုပ်ငန်းကိုနေ့စဉ်နံနက်(၀၆:၀၀)နာရီမှနောက်တစ်နေ့နံနက် (၀၆:၀၀) နာရီအထိ (၂၄) နာရီ ကောက်ခံခွင့်ရှိသည်။

၃။ တန်ပိုကြေးကောက်ခံရာတွင် နေ့စွဲနှင့်တံဆိပ်ရိုက်နှိပ်ထားသော ငွေရပြေစာဖြတ်ပိုင်း ကို သက်ဆိုင်သူသို့ ပြန်လည်ပေးအပ်ရမည်။

၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှသတ်မှတ်ပေးသည့်ပြေစာပုံစံကိုသာအသုံးပြုရမည်။ လိုင်စင်ရရှိသူသည် ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ပြေစာပုံစံပြောင်းလဲခြင်း၊ ဌာန၏တံဆိပ် ပြောင်းလဲအသုံးပြုခြင်းမပြုရ။ ကောက်ခံမည့်ပုဂ္ဂိုလ်များသည် အလုပ်သမားဥပဒေနှင့်အညီ အသက်(၁၈)နှစ်ပြည့်သူများကို တာဝန်ပေးရမည်ဖြစ်ပြီး ယင်းတို့၏ အမည်နှင့်ကိုယ်ရေးအချက်အလက်များနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ အရက်သေစာ၊ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိကြောင်း လိုင်စင်ရရှိသူကိုယ်တိုင် အခွန်ဌာနသို့ တင်ပြပြီး ဌာနမှထုတ်ပေးသော စိစစ်ရေးကတ်ပြားများ တပ်ဆင်၍ သတ်မှတ်ပေးထားသောဝတ်စုံ အမျိုးသား (အင်္ကျီအဖြူ၊ ဘောင်းဘီနက်ပြာ)၊ အမျိုးသမီး(အင်္ကျီအဖြူ၊လုံချည်နက်ပြာ)ကိုသာ သပ်ရပ်တည်ကြည်စွာ ဝတ်ဆင်ကောက်ခံရမည်။ ကြုံရာကျပန်းတာဝန်ပေးကောက်ခံစေခြင်းမပြုရ။ ထို့အပြင် ဂိတ်တာဝန်ခံနှင့် ကောက်ခံမည့်ပုဂ္ဂိုလ်များ၏ ဓာတ်ပုံများအား ဂိတ်အတွင်း သတ်မှတ်ပုံစံအတိုင်း ချိတ်ဆွဲထားရှိရမည်။ ဂိတ်တာဝန်ခံနှင့် ကောက်ခံသူပြောင်းလဲပါက ဌာနသို့ အချိန်နှင့်တစ်ပြေးညီတင်ပြရမည်။

၅။ တန်ပိုကြေးကောက်ခံရာတွင် မောင်းတံထားရှိခွင့်ရှိသည်။ သို့ရာတွင် မောင်းတံအား ချမထားရ။ ဂိတ်၏ ကိုက်(၁၀၀)အကွာတွင် ''ရှေ့ကိုက်(၁၀၀)တွင်တန်ပိုကြေးဂိတ်ရှိသည်'' ဟူသော (၆ပေ×၃ပေ) သတိပေးဆိုင်းဘုတ်အား အုတ်ဖိနပ်ခံ၊ သံပြား( ၁၆ Guage)ဖြင့် ပြုလုပ်စိုက်ထူရန်နှင့် ဆိုင်းဘုတ်တွင် အနီခံအဖြူရောင်စာလုံးဖြင့် ရေးသားထားရှိရမည်။

၆။ တန်ပိုကြေးကောက်ခံရာတွင် အောက်ဖော်ပြပါ နှုန်းထားများအတိုင်းသာ ကောက်ခံရမည်။ သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ။ (၆ပေx၃ပေ)အရွယ် အောက်ပါနှုန်းထားဆိုင်းဘုတ်အား အုတ်ဖိနပ်ခံ၊ သံပြား(၁၆Guage)ဖြင့် ပြုလုပ်စိုက်ထူရန်နှင့် ဆိုင်းဘုတ်တွင် အပြာခံအဖြူရောင် စာလုံးဖြင့် ရေးသား၍ အများပြည်သူ မြင်သာသောနေရာတွင် စိုက်ထူထားရမည်–

| **စဉ်** | **ယာဉ်အမျိုးအစား** | **နှုန်းထား(ကျပ်)** |
|---|---|---|
| (က) | ၆–တန်မှ၂၀–တန်အထိယာဉ်(၁)စီး | ၂,၀၀၀/– |
| (ခ) | ၂၀–တန်အထက်ပိုသည့်တန်ပိုအား (၁)တန်လျှင် | ၂၀၀/– |

၇။ လိုင်စင်ရရှိသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင် အထွေထွေစည်းကမ်း သတ်မှတ်ချက်များကိုလည်း လိုက်နာရမည်။

၈။ လိုင်စင်ရရှိသူသည် ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ စည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၉။ လိုင်စင်ရရှိသူသည် လုပ်ကိုင်ခွင့်ရသည့်လုပ်ငန်းကို အခြားသူသို့ တဆင့်အငှားချထားခြင်း၊ ရောင်းချခြင်းမပြုရ။

၁၀။ လိုင်စင်ရရှိသူသည် အထက်ပါသတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေး ငွေကျပ်(၁၀၀,၀၀၀/-) တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်အပြီး ပိတ်သိမ်းခြင်းနှင့် အမည်ပျက်စာရင်း တင်သွင်းခြင်း၊ အာမခံအပ်ငွေများအား ကော်မတီဘဏ္ဍာငွေအဖြစ် သိမ်းယူခြင်း၊ လိုင်စင်ကြေးအကြေနှင့် ဒဏ်ကြေးပေးသွင်းထားသူမှအပ အာမခံတင်သွင်းထားသော ပစ္စည်းများကို လေလံတင်ရောင်းချ၍ ရရန်ရှိသည်တို့ကို သိမ်းယူခြင်း။

လေလံတင်ရောင်းချရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

C:\Users\USER\Desktop\Rule 26-27 - 2\Tanpo rule(26-27).docx\2